အတွဲ ၆။ အမှတ် ၇။

ဇာတ်လမ်းနှင့် သရုပ်ဖော် *

# ရေသူမလေး

# ရွှေသွေး ဂျာနယ်

၁၃၃၅ ခု၊ တပို့တွဲလဆုတ် ၁၀ရက် (၁၆-၂-၇၄)





စနေနေ့တိုင်း ထုတ်ဝေသည်။


ရေသူမလေး
ရေသူမလေးကို စိတ်ကူးနေလို့ ညကျ ယင်လဲ အိပ်လို့မပျော်ဘူး။
မောင်ထွန်းဦးဟာ ပင်လယ်ကမ်းခြေက ဒမင်းဆိပ်ခေါ် တံငါရွာကလေးမှာနေတယ်။ သူဟာ ရေသူမလေးကို စွဲလမ်းသွားပြီး....
ကျောင်းမှာလဲ ရေသူမ လေးကို စိတ် ကူးနေ လို့ ကျောင်း စာကို မလိုက်နိုင်ဘူး။
ဟဲ့.. ထွန်း ဦး.. ဘာငေး နေတာလဲ၊ ငါမေးတာ ဖြေလေ
ငါ့သား.. ထင်းခြောက်တွေ လိုက်ကောက်မှီးပလားဟော့
ဟင့်အင်း
အိမ်အလုပ်တွေကိုလဲ ကူညီ လုပ်ကိုင် မပေးနိုင်ဘူး။ အချိန်ရှိသရွေ့ ငေးနေ တွေးနေတယ်။
ညနေတိုင်း ရေသူမလေး ပေါ်လာနိုးနဲ့ ပင်လယ်ပြင်ကြီးကိုဘဲ မျှော်ငေးနေသတဲ့။



ဒီလိုနဲ့ မောင်ထွန်းဦးဟာအရွယ် ရောက်လာတယ်။ ဒါပေမဲ့ သူဟာ ရေသူမလေးကို စွဲလမ်း တုန်းဘဲ။
ငါ့သား..ငါးဖမ်း လိုက်ခဲ့ပါလား..
မလိုက်ချင်ပါဘူး အဘ..ရယ်...
တရွာလုံးရှိ မိန်းမတွေရော၊ ကလေးတွေပါ မကျန် တက်တက်ကြွကြွနဲ့ ကိုယ်နိုင်ရာတာဝန် ကို တပျော်တပါး ထမ်းဆောင်ကြတယ်။
မောင်ထွန်းဦးကတော့ ဘာမှမလုပ်ဘဲ ရေသူမ လေးကိုဘဲ စွဲလမ်းပြီး အချိန်ရှိသရွေ့ ငေးငိုင် နေတယ်။
လူဖြစ်လာယင်တာဝန် တခုတော့ ထမ်းဆောင် ရတယ်ကွဲ့ - ဒီလိုချည်း ငေးငိုင်နေလို့ ပြီးမလား
ဟုတ်သားဘဲ သားရယ်


ကျနော် ရေသူမလေး အကြောင်းဘဲ တွေးနေချင်ပါတယ်၊ တနေ့တော့ ရေသူမလေးနဲ့ တွေ့ရမှာ အမှန်ပါဘဲ..
မောင်ထွန်းဦးရဲ့ မိတ်ဆွေတွေကလဲ ငါးဖမ်းလိုက်ခဲ့ဘို့ အမျိုးမျိုး ဖျောင်းဖျကြတယ်။
တော်ပါကွာ.. ရေသူမလေးကို ငါ စောင့်ဘို့ အရေးကြီးတယ် သူ အလာ ငါနဲ့ လွဲနေမှဖြင့်..
မောင်ထွန်းဦးဟာ ဘယ်သူ့ စကားကိုမှ နားမဝင်ဘဲ ညနေတိုင်း ရေသူမလေးကိုသာ မျှော်ငေးနေတယ်။
ရေသူမလေးရယ်... မင်း ဘယ်တော့များမှ ပေါ်လာလေမလဲကွယ်...
မောင်ထွန်းဦးဟာ နေဝင်လို့ လထွက် ာမှဘဲ သူ မျှော်ငေးနေရာ ကျောက်ဆောင်က ခွာခဲ့တယ်။ ရေသူမလေးနဲ့ ဒီနေ့မတွေ့ယင် နောက်နေ့ တွေ့မှာပေါ့လို့ မျှော်လင့်နေတယ်။
ရေသူမလေးရေ နက်ဖန်မှ မောင်ကြီး လာစောင့်အုံးမယ်


အချောက်
သန်သူ
တောက်တောက် မှ
ရေးဆွဲသည်
ဖိုးတုတ်သည် အလွန်အချောက်
သန်သူ ဖြစ်သည်...တနေ့တွင်....
အင်း...သူငယ်ချင်းတွေဆီ
စာရေးပြီးကျောက်အုံးမှ
ဖိုးတုတ်သည် သူငယ်ချင်းများ
ထံသို့ စာရေးပြီး၊ တံဆိပ်ခေါင်း
မကပ်ဘဲ. ထည့်လိုက်လေသည်
အဟိ...ငတိတွေတော့
ရွေးရအုံးမယ်
တပတ်ခန့်ကြာသော်. စာပို့သမားကြီး ရောက်လာလေသည်
ဟေ့.ဖိုးတုတ်ရေ့.စာပါတယ်ကွ၊ တံဆိပ်ခေါင်းမပါဘူး
စာအိတ်ဆယ်အိတ်. တအိတ်ပြားသုံးဆယ်နှုန်းရွေးကွ
အင်း...စာပို့သမားကြီး
နေပူထဲကကြိုးစား
ပြီးလာပို့တာဘဲ..ရွေး
လိုက်မှကောင်းမှာ
အင်း..ငါ့နောက်
တာမဟုတ်လို့
စုထားတဲ့ပိုက်
ဆံတွေတောင်
ကုန်သွားပြီ

# ဥမင်လိုဏ်ခေါင်း

စိုးလွင်မြင့်




“မြေလျှိုးမိုးပျံ” ဟူသောစကားနှင့်အညီ၊ တိုးတက်သော သိပ္ပံပညာကြောင့် လူတို့သည် အာကာသပြင်လေထုကိုလည်း ထိုးဖောက်၍ ပျံသန်းနိုင်ခဲ့၏၊ မြင့်မားလှသော တောင်တန်းကြီးများနှင့် ရေလွှာ မြေလွှာထုတို့ကိုလည်း ထိုးဖောက်၍ ဖြတ်သန်းနိုင်ခဲ့ကြ၏။ လေယာဉ်၊ ဒုံးပျံ၊ အာကာသယာဉ် စသည်တို့ဖြင့် လေထုကို ထိုးဖောက်၍ အလွယ်တကူ ပျံသန်းနိုင်သော်လည်း မီးရထား၊ မော်တော်ကား စသည်တို့ဖြင့် မြေထုကို ထိုးဖောက် ဖြတ်သန်းနိုင်ရန်အတွက် မြေအောက်လမ်းကြောင်းများ၊ ဥမင်လိုဏ်ခေါင်းများကို ဖောက်လုပ်ကြရလေသည်။

မြေ၏အပျော့အမာကိုလိုက်၍မြေအောက်လမ်းကြောင်းနှင့် ဥမင်လိုဏ်ခေါင်းများကို အင်ဂျင်နီယာနှင့် လုပ်သားတို့သည် ဂရုပြု၍ တူးကြရလေသည်။

ကျောက်သားတောင်များတွင် လိုဏ်ခေါင်းဖောက်လုပ်ရာ၌ ခက်ခဲလှသော်လည်း မာကျောသောကြောင့် ပြိုမကျနိုင်ပေ။ ထို့ကြောင့် ထောက်ကန်ထားရန်လည်း မလိုလှပေ။ ဖောက်လုပ်ရာ၌ ကျောက်သားတွင် ဦးစွာ အပေါက်ငယ်များ ထွင်းရသည်။ ထိုနောက် ယမ်းဘီလူးစသော ပေါက်ကွဲစေတတ်သည့် ယမ်းများကိုထည့်၍ ဖောက်ခွဲလိုက်ရာ ကွဲလွင့်ထွက်လာသောကျောက်တုံးများကို ဖယ်ထုတ်လိုက်ခြင်းဖြင့် ဥမင်လိုဏ်ခေါင်းတခု ရရှိနိုင်လေသည်။ အီတလီနိုင်ငံနှင့် ဆွီဇာလန်နိုင်ငံအကြားရှိ ၁၂-မိုင်ကျော်ရှည်သည့် စင်ပလွန်မီးရထား ဥမင်လိုဏ်ခေါင်းသည် ကျောက်သားထုတောင်ကို ဖောက်ထွင်းထားသော လိုဏ်ခေါင်းဖြစ်၍ ကမ္ဘာတွင် အရှည်ဆုံးဖြစ်လေသည်။



မြေပျော့၌စေးမြေ၊ နုန်းမြေ သို့မဟုတ်မြစ်၏အောက်တို့၌ ဖောက်လုပ်မည်ဆိုပါက မြေပြိုသည့်အန္တရာယ်ကြောင့် အထူးဂရုပြုရလေသည်။ တူးပြီးလျှင်ပြီးချင်း သစ်သားသို့မဟုတ် သံမဏိတို့ဖြင့် ထောက်ကန်ထားရန်လို၏။ ထိုနောက်မှ အမိုးနှင့် ဘေးအကာတို့ကို အခိုင်အမာ တည်ဆောက်ရလေသည်။ ယခုအခါ၌




မှု ကန်ကရစ်ဖြင့် တည်ဆောက်သည်က များပေသည်။

မြစ်ချောင်းတို့၏အောက်၌ ဖောက်လုပ်ပါက မြစ်ချောင်းရေတို့၏စီးဝင်မှုအန္တရာယ်သည် လွန်စွာကြီးမားတတ်ပေသည်။ ယင်းသို့သော နေရာမျိုး၌ လေကိုဖိသွင်းသော နည်းဖြင့်၎င်း၊ သံမဏိပြောင်းလုံးကြီးများကို ထိုးသွင်းသော နည်းဖြင့်၎င်း ဖောက်လုပ်နိုင်ပေသည်။ လိုဏ်ခေါင်းဖောက်ထွင်းသောနေရာမှနေ၍ လေကို ဖိသွင်းပေးခြင်းဖြင့် ဝင်လာသော ရေများကို ဟန့်တားထားနိုင်လေသည်။ ထိုအပြင် ဖိအား များသော လိုဏ်ခေါင်းတွင်းမှ လေတို့က အပြင်မှရေတို့ကို ဖယ်ထုတ်ပြန်လေသည်။ သံမဏိပြောင်းလုံးဖြင့် ဖောက်ထွင်းနည်းမှာ ယင်းထိပ်၌ ပါရှိသော အသွားထက်သည့် စောင်းဖြင့် ခုတ်ဖြတ်ခြင်းပင်ဖြစ်၏။ ဤနည်းတွင် လျှပ်စစ်အားကို အသုံးပြုရလေသည်။ မြစ်၏အောက်ခံမြေပြင်ထဲသို့ သံမဏိပြောင်းလုံးကြီးများကို အပိုင်းလိုက်မြှုပ်၍ ဆက်စပ်လိုက်ခြင်းဖြင့်လည်း မြစ်အောက်၌ လမ်းဖောက်လုပ်နိုင်လေသည်။ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၏ ဆက်သွယ်ရေးလမ်းကြောင်းတခု ဖြစ်သော ဟာလန် မြစ်အောက်ရှိလမ်းသည် ဤလမ်းမျိုးပင်ဖြစ်၏။

ဥမင်လိုဏ်ခေါင်းများ ဖောက်လုပ်ခြင်းဖြင့် ရထားနှင့်ကားများသည် တောင်ထူထပ်သော ဒေသတွင် ကွေ့ကောက်နေရန် မလို၍ တဖြောင့်တည်း သွားလာနိုင်လေသည်။ ထို့ကြောင့် ခရီးချိန်တာကိုလည်း လျော့နည်းစေ၏။ မြို့ကြီးပြကြီးများတွင် ဖောက်လုပ်ထားခြင်းဖြင့် ကုန်တင်နှင့် အခြားယာဥ်တို့သည် ပိတ်ဆို့မနေပဲ လိုရာသို့ အမြန်ရောက်ရှိနိုင်လေသည်။

မြန်မာနိုင်ငံရှိ မီးရထား ဥမင်လိုဏ်ခေါင်းများအနက် ရှမ်းပြည်တောင်ပိုင်း ဆင်တောင်အနီးမှ ကဘားနီဥမင်လိုဏ်ခေါင်းသည်အရှည်ဆုံး ဖြစ်လေသည်။



ရှမ်းပြည်တောင်ပိုင်း

ကဘားနီ - ဥမင်လိုဏ်ခေါင်း


သီဟတွင် ခွေးကလေးတကောင် ရှိသည်။
ဗိုလ်ကျား ဘယ်သွားနေ ပါလိမ့်....
သူသည် ခွေးကလေးကို အလွန်ချစ်သဖြင့် –
ဟေ့... ဗိုလ်ကျား..
နေ့စဉ် ရရှိသောမုန့်ဘိုးကို သူဝယ်မစားပဲ ဗိုလ်ကျားအတွက် မုန့်ဝယ်ကျွေးလေ့ရှိသည်။
စားလေ ကွာ...
သီဟမေမေက ခွေးကလေးအား တနေ့လျှင် နှစ်ကြိမ်သာ ထမင်းကျွေးရန် မှာထားသော်လည်း–
ညစာကို နဲနဲလျှော့ကျွေး ရတယ်သားရဲ့
သီဟက သုံးကြိမ်မက ကျွေးတတ်သည်။
အစာများများ ကျွေးမှ ပိုဝလာ မှာပေါ့....

# မြစေတီ ကျောက်စာ



ပုဂံမြို့တောင်ဖက် မြင်ကပါရွာ မြစေတီဘုရား အနီးတွင် တွေ့ရှိရသောကြောင့် မြစေတီကျောက်စာဟု ခေါ်ကြသည်။ ကျန်စစ်မင်း၏ သားတော် ရာဇကုမာရ် ရေးထိုးခဲ့၍ ရာဇကုမာရ်ကျောက်စာ ဟုလည်း တွင်သည်။ ဂူပြောက်ကြီး ကျောက်စာ ဟုလည်း ခေါ်ကြသည်။ ကျောက်စာတိုင်မှာ မွန်၊ မြန်မာ၊ ပျူ၊ ပါဠိ လေးဘာသာဖြင့် ရေးထိုးထားသည်။ ရေးထိုးသောအက္ခရာများမှာ မန်ကျည်းစေ့ပုံဖြစ်သည်။

ရာဇကုမာရ်မင်းသားသည် ခမည်းတော် ကျန်စစ်မင်းကြီး၏ ထီးမွေနန်းလျာ ကို ဆက်၍မခံစားရစေကာမူ ခမည်းတော်ကို အလွန်တရာချစ်သော သားကောင်းရတနာတပါး ဖြစ်သည်။

သက္ကရာဇ် ၄၇၄ ခု ခမည်းတော် မမာမကျန်း ဖြစ်တော်မူစဉ် သားတော်သည် ခမည်းတော်အတွက် ရည်စူး၍ မြင်ကပါအရပ်တွင် ရွှေအထွတ်ရှိသော ဂူဘုရားတဆူတည်သည်။ အထဲတွင် ရွှေဆင်းတုဘုရား တဆူကိုလည်း ဌာပနာထားသည်။ သူပိုင်ကျွန်သုံးရွာကို ဘုရား၌ လှူပါမည်ဟုလည်း ခမည်းတော်ကို လျှောက်ထားသည်။ ဘခမည်းတော်သည် မိမိအတွက်ရည်စူးသော ကောင်းမှုကုသိုလ်များကို "ကောင်းလေစွ၊ ကောင်းလေစွ" ဟု ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကာ နတ်ရွာ စံခဲ့လေသည်။

သားလိမ္မာတို့မည်သည် အမိအဖတို့ကို ချစ်မြတ်နိုး၍ အနန္တငါးပါး ဂုဏ်ကျေးဇူးကို သိတတ်သူများ ဖြစ်ပေသည်။


မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

## ဘဲဥဆိုယူခဲ့



# ညီအစ်မသုံးယောက်

မောင်မြပြင် (ကျော်ဟော်)



ကျွန်မတို့ ညီအစ်မ သုံးယောက် ရှိပါသည်။

ကျွန်မ နာမည်က မိနီဖြစ်ပါသည်။ မိစိမ်းက အလတ် ဖြစ်၍ မိဝါက အငယ်ဆုံး ဖြစ်ပါသည်။

ကျွန်မတို့သည် နေ့စဉ်နှင့် အမျှ မာစီးဒီး၊ ဘဲလဲယား၊ မာဇဒါကား၊ ဘတ်စ်ကား၊ သုံးဘီးကား၊ လော်လီကား စသော ကားစီးသူ လူတန်းစားမျိုးစုံနှင့် တွေ့ကြုံရင်းနှီးနေရပါသည်။

ထိုကားများကို မောင်းနှင်လာသော ဒရိုင်ဘာများသည် ကျွန်မကို မုန်းကြပါသည်။ ကြည့်၍ မရဟု တချို့က ပြောကြပါသည်။

သူတို့သည် ညီမအလတ်ဖြစ်သော မိစိမ်းကို အရေးပေးကြသည်။ ချစ်ခင် လေးစား ကြသည်။ မိစိမ်းနှင့်တွေ့တိုင်း အားလုံးက ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်ကြပါသည်။ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်လျှင် မိစိမ်းကြောင့် ဒုက္ခကြုံခဲ့ရသည်ကို သူတို့ လုံးဝမသိကြပါ။

ညီမ အငယ်ဆုံး မိဝါကတော့ အေးအေး ဆေးဆေး နေတတ်သူ ဖြစ်ပါသည်။ ကျွန်မနှင့် တည့်ပါသည်။ သို့သော် ကျွန်မလောက် ဒေါသမကြီး၊ မခက်ထန်၊ ပျော့ပျော့ ပျောင်းပျောင်း နေတတ်ပါသည်။ မိဝါဟာ လိုက်လျောသင့်သည့်အခါ လိုက်လျောတတ်ပါသည်။

ကျွန်မနှင့်ပတ်သက်၍ ပြောပြပါဦးမည်။

ကျွန်မကို သူတို့တတွေ မုန်းလျှင် မုန်းလောက်ပါသည်။ မဟုတ်တာ မမှန်တာ တွေ့လျှင် ကျွန်မက ငုံ့မခံတတ်။ ဇတ်ဇတ်ကြဲ နိုင်ပါသည်။ မည်သူ့ကိုမျှ အလိုလိုက်၊ အကြိုက်ပေး၍ မပေါင်းသင်းခဲ့ပါ။ ရှင်းရှင်းနှင့် ဘွင်းဘွင်း ပြောတတ်ပါသည်။

တချို့ လူများက ကျွန်မကို စည်းကမ်းကြီးသည်၊ တိကျသည်ဟု ကွယ်ရာ၌အတင်းပြောကြပါသည်။ ကျွန်မတို့ ညီအစ်မသုံးယောက်ထဲမှ မည်သူ့ကို မုန်းသလဲဟု မေးလျှင် ကျွန်မကို မုန်းသည်ဟု ဖြေကြမည် ဖြစ်ပါသည်။ အမှန်ကကျွန်မသည် ပေးအပ်သောတာဝန်ကို ရိုသေလေးစားသူတယောက် ဖြစ်ပါသည်။

တနေ့ ကျွန်မတို့ ညီအစ်မသုံးယောက် စကားလက်ဆုံကျနေစဉ် ကျွန်မ ရှေ့၌ ရပ်ထားသော ကားတစီးမှ ဒရိုင်ဘာက ကျွန်မကို လှမ်းကြည့်၍ ပြောလိုက်ပါသည်။

“တော်တော် ဒုက္ခပေးတဲ့ အနီဘဲ။ ကြည့်လို့ကို မရဘူး။ သူ့ကြောင့် ခရီး ကြန့်ကြာရ တယ်။ တနေ့ တိုက်သတ်လိုက်အုံးမယ်။ ဒါမှအေးမယ်”

ကျွန်မသည် ဒရိုင်ဘာပြောသော စကားကို ကြားလိုက်ရ၍ ဒေါသ ထွက်မိပါသည်။

“ငါရှိလို့ သူတို့ ဒုက္ခမရောက်တာတော့ ထည့်မစဉ်းစားကြဘူး။ အတော် စည်းကမ်းမဲ့တဲ့ လူဘဲ။ အဲဒီလို လူမျိုးတွေသာ များယင် ခဏခဏ ဒုက္ခရောက်မှာ သေချာတယ်”

ကျွန်မက မကျေနပ်၍ ပြန်ပြောလိုက်မိပါသည်။

ဒရိုင်ဘာကြီးသည် မိစိမ်းကို လှမ်းကြည့်ကာ နှုတ်ဆက်ပြီး

လိုရာ ခရီးသို့ ဆက် လက် ထွက်ခွာသွားပါတော့သည်။

× × ×

လူ တွေ သည် လွတ် လွတ် လပ် လပ် နေ ချင် ကြ သည်။ သူတို့ကို ချုပ်ချယ်လျှင် နည်းနည်းမှ မကြိုက်ပေ။ စည်းကမ်းနှင့် လုပ်လာလျှင် မုန်းချင်လာကြသည်။ ရွံရှာ လာကြသည်။ တကယ်တော့ စည်းကမ်းသည် သူတို့၏ ကောင်းကျိုးအတွက် ဆောင်ရွက်ပေးနေသည်ကို ယခုအထိ သဘောမပေါက်ကြ။ နား မလည်ကြ။

ထို့ ကြောင့် လည်း မကြာခဏ ဒုက္ခအမျိုးမျိုး၊ အန္တရာယ် အမျိုးမျိုးနှင့် ရင်ဆိုင် တွေ့ကြုံကြရတော့သည်။ ရန်ကုန်မြို့၌ ကျွန်မတို့ ညီအစ်မ သုံးယောက်သာ မရှိကြလျှင် သေကြေ ကြမှာ မနည်းဟု ကျွန်မ ယူဆပါသည်။

ကျွန် မ သည် တယောက် တည်း တွေဝေ ငေးမောနေစဉ် အ ဝေး မှ အ ရှိန် ပြင်း စွာ ဖြင့် မောင်းနှင်လာ သော လော်လီ ကားတစီးကို လှမ်းမြင်လိုက်ရပါသည်။

"ဟိုရှေ့က မောင်း လာ တဲ့ ကားကတော့ အခြေအနေ သိပ်မကောင်းဘူး ညီမတို့။ လွတ်ရာကို ရှောင် မှ ဖြစ် မယ်။ တော်တော်ကြာ တို့ကို ဒုက္ခပေးနေအုံးမယ်"

ကျွန်မက ညီမလေး မိစိမ်းနှင့် မိဝါကို သတိရှိကြရန် ပြောလိုက်ပါသည်။

"ဟုတ်ကဲ့မမ။ ညီမတို့ မြင်ပါတယ်"

မိစိမ်းက အဝေးသို့ လှမ်းကြည့်ရင်း ပြန်ပြောလိုက်သည်။

အရှိန်မသတ်နိုင်ပဲ မောင်းလာသော လော်လီကားသည် ကျွန်မတို့ကို ဝင်တိုက်ရန် ဦးတည်လာရာမှ တခဏချင်း တမျိုး တဖုံ ပြောင်း လွဲ သွား ပါသည်။ လော် လီ ကား သည် ကျွန်မတို့ကို မတိုက်မိပဲ လမ်းဘေး ပ လက် ဖောင်း ပေါ် သို့ ရောက်သွား ပါသည်။

မကြာမီ ယာဉ် ထိန်း ရဲ က မော်တော်ဆိုင်ကယ်နှင့် အမြန်ရောက်လာပြီးနောက် ထို ဒရိုင်ဘာကို ဖမ်းသွားပါသည်။

ထိုကဲ့သို့ အလားတူ စည်းမဲ့ကမ်းမဲ့၊ ဗရမ်းဗတာ မောင်းနှင်ကြသော ကား ဒရိုင် ဘာ များကို ထပ်မံ ဖမ်းဆီးကြပါရန် ကျွန်မ တိုက်တွန်းချင်ပါသည်။ သို့မှသာ ခရီးသွားများ အသက်ဘေးမှ ကင်းလွတ်ကြမည် ဖြစ်ပါသည်။

ကျွန် မ တို့ ညီ အစ် မ သုံး ယောက် ကား သက် ရှိ တွေ မ ဟုတ် ကြ ပါ။ ရန်ကုန်မြို့ အလယ်၊ လမ်းဆုံလမ်းခွတို့၌ မိုးလင်းကနေ မိုးချုပ်အထိ တာဝန် ထမ်း ဆောင် နေ ရ သော သက်မဲ့ အချက်ပြမီးပွိုင့်ကလေးများ ဖြစ်ကြပါသည်။

## မြန်မာပြည်ထောင်စု

မြောက်ပြန်လေညှင်း ဖြူးသုန်သုန်၊
ဆောင်းအအေးထည်ခြုံ။

ငွေနှင်းမှုန်မှုန် လွှမ်းပါလို့၊
ရှမ်းပြည်ပင်လုံမြို့။

မှုန်းလိုတွေးလို မျှော်လိုက်ယင်၊
ခေါင်းဆောင်များကိုမြင်။

ကချင် ကရင် မြန်မာ ရှမ်း၊
တွေ့ဆုံကြရာနန်း။

တောင်တန်းဒေသ ချင်းလည်းပါ၊
သွေးစည်းခဲ့ကြတာ။

လပေဖော်ဝါ တဆယ့်နှစ်၊
သမိုင်းကဗ္ဗာသစ်။


တွန်းလှန်ပစ်စို့ နယ်ချဲ့ရန်၊
အေးတူပူမျှစံ။

ပြည်ပရန်ကို ဘယ်မမှု၊
မြန်မာပြည်ထောင်စု။ ။

မောင်လှ(ကျောက်မော်)



R. 517



# ဝါးဖရောင်းငှက်ခေါင်းဖြူ

ငှက်၏အလျားမှာ ၁၂ လက်မခန့်ရှိသည်။ တကောင်နှင့် တကောင် အပြိုင်အဆိုင် စူးရှစွာ အော်တတ်၏။ သို့သော် တခါတရံတွင်မူ သာယာနာပျော်ဘွယ်ရာတေးကို သီနေတတ်သည်။

အမြဲတမ်း ၁၀ ကောင် ၁၂ ကောင် အုပ်ဖွဲ့၍ ကျွန်းတောများ၌၎င်း၊ မြေကွက်လပ်များ၌၎င်း အစာ ရှာဖွေ စားသောက်သည်။ အကြောက်အရွံ့နည်းပါး၍ အသစ်အဆန်းကို သိမြင်လိုစိတ်ရှိ၏။ သူတို့ အထဲသို့ အခြား ငှက်ရောက်လာလျှင် ဆူညံစွာ နှုတ်ဆက် တတ်၏။ ကြောက်ရွံ့တတ်သော သူစိမ်းငှက်ကို အမူအရာအမျိုးမျိုးလုပ်ပြ၍ မောင်းထုတ်တတ်၏။

မတ်လကုန်မှ ဩဂုတ်လအထိ နှစ်ကြိမ်သားပေါက်သည်။ အသိုက်များကို ချုံပုတ် ထဲတွင် ပြုလုပ်လေ့ရှိသည်။ မြက်၊ ဝါးရွက်၊ နွယ်တို့ဖြင့် ခပ်ပြန့်ပြန့် ပြုလုပ်သည်။ ဥမှာ ကြွေကဲ့သို့ဖြူဆွတ်ပြီး ခပ်လုံးလုံးဖြစ်၏။ တဥလျှင် ပျမ်းမျှ အလျား ၁.၁၁ လက်မနှင့် ပြက် ၀.၉၀ လက်မ ရှိ၏။ တမြုံလျှင် သုံးဥမှ ငါးဥအထိရှိ၍ တခါတရံတွင် နှစ်ဥသာရှိသည်။

ဤငှက်ကို အရှေ့တိုင်းနိုင်ငံများတွင် တွေ့ရသည်။ မြန်မာနိုင်ငံရှိ တောများတွင် အမြဲတွေ့မြင်နိုင်၏။ မြောက်ပိုင်းတွင် ပေ ၄၀၀၀ ထက် မြင့်သောဒေသ၌ တွေ့ရခဲ့သည်။

စိုးမြင့်



၁ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၈၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

Read more Shwe Thway Journals at




Click below link

https://www.facebook.com/shwethwayjournal/